# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

ရက်စွဲ။ ၆ - ၈ -၂၀၂၆

## ကြော်ငြာစာအမှတ်(၄၂၈ /၂၀၂၆)

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး မိတ္တူကူးစက် (၂၀)လုံးအား ထုခွဲရောင်းချရန်အတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်းဖြစ်ပါသည်။ စိတ်ပါဝင်စားသူများသည် ဤရုံးရှိ စီမံရေးရာဦးစီးဌာန၊ စီမံ-ပစ္စည်းဌာနခွဲ၊ စတိုတွင် ပစ္စည်းအခြေအနေကို (၂၀ - ၈ - ၂၀၂၆)ရက်နေ့ထိ ရုံးချိန်အတွင်း လာရောက်ကြည့်ရှုနိုင်ပါသည်။

၂။ တင်ဒါလျှောက်လွှာများကို ဤရုံးရှိ စီမံရေးရာဦးစီးဌာန၊ စီမံ-ပစ္စည်းဌာနခွဲတွင် ဝယ်ယူ၍ အိတ်ဖွင့်တင်ဒါများကို ဒေါ်ဇင်မာလွင်၊ ညွှန်ကြားရေးမှူး၊ စီမံရေးရာ(ပစ္စည်း၊စာရင်း/ဘတ်ဂျက်)၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးသို့ လိပ်မူပြီး အိတ်ပိတ်၍ ( ၂၀- ၈ -၂၀၂၆) ရက်နေ့ မွန်းတည့် (၁၂:၀၀) နာရီ နောက်ဆုံးထားတင်သွင်းရန်ဖြစ်သည်။ အသေးစိတ်သိရှိလိုပါက ဖုန်းနံပါတ်- ၀၆၇၃-၄၀၇၂၂၀ ၊ ၀၆၇၃-၄၀၇၅၉၃ နှင့် ၀၆၇၃-၄၀၇၃၂၃ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

၃။ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ရုံးကြော်ငြာသင်ပုန်း၊ ဥတ္တရသီရိမြို့နယ်၊ ပုဗ္ဗခရိုင်အုပ်ချုပ်ရေးမှူးရုံး၊ ဤရုံး Website တို့တွင် တင်ဒါအောင်မြင်သူများစာရင်းကို ( ၃၁ - ၈ - ၂၀၂၆)ရက်နေ့တွင် ကြေညာပါမည်။

အိတ်ဖွင့်တင်ဒါစိစစ်ရေးအဖွဲ့
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

ဖြန့်ဝေခြင်း

ရုံးကြော်ငြာသင်ပုန်း

မြို့နယ်အုပ်ချုပ်ရေးမှူး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဥတ္တရသီရိမြို့နယ်

ခရိုင်အုပ်ချုပ်ရေးမှူး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပုဗ္ဗသီရိမြို့နယ်

စာအမှတ် ၊ စမ - ၃ / ၃၃ (၆၇၉ / ၂၀၂၆)

ရက်စွဲ၊ ၂၀၂၆ ခုနှစ်၊ ဩဂုတ် လ ၆ ရက်

မိတ္တူ

အိတ်ဖွင့်တင်ဒါစိစစ်ရေးအဖွဲ့ဝင်အားလုံး

ရုံးလက်ခံ

မျှော

အမိန့်အရ

(ဇင်မာလွင်)

ညွှန်ကြားရေးမှူး

## တင်ဒါစည်းကမ်းချက်များ

(၁) တင်ဒါတွင်ပြည့်စုံစွာ ဖြည့်စွက်ရမည်။

(၂) ပစ္စည်းအမျိုးအစားတစ်ခုခြင်းအလိုက် တင်သွင်းမည့် တင်ဒါတန်ဖိုးကို ဖော်ပြရမည်။

(၃) တင်ဒါခေါ်ယူသည့်ပစ္စည်းအားလုံးကို တင်ဒါလျှောက်ထားသူမှ ရွေးချယ်ခွင့်မရှိဘဲ ပစ္စည်းအားလုံးအတွက် ဈေးအများဆုံးတင်သွင်းသူကိုသာ တင်ဒါအောင်မြင်သူအဖြစ် သတ်မှတ်မည်ဖြစ်သည်။

(၄) တင်ဒါအောင်မြင်သူအဖြစ် ကြေညာပြီးသည့်နောက် (၃) လအတွင်း တင်ဒါအောင်တန်ဖိုးအားဌာနငွေစာရင်းသို့ လာရောက်ပေးသွင်းမှုမရှိပါက တင်ဒါတွင် ဒုတိယဈေးအများဆုံးပေးသူအားဦးစားပေးရွေးချယ်သွားမည်ဖြစ်သည် ။

(၅) တင်ဒါအောင်တန်ဖိုးပေးသွင်းပြီးနောက် ၂၄ နာရီအတွင်း (ရုံးချိန်အတွင်း) မိမိစရိတ်ဖြင့် ပစ္စည်းများ သယ်ဆောင်ရမည်ဖြစ်ပြီး မသယ်ဆောင်ပါက နောင်တွင်ပြဿနာတစ်ခုခု ဖြစ်လာလျှင်ဌာနမှတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။

(၆) တင်ဒါလျှောက်လွှာတစ်စောင်လျှင် ကျပ် ၂,၀၀၀ /- နှုန်းဖြင့် စီမံရေးရာဦးစီးဌာန၊ စီမံ-ပစ္စည်းဌာနခွဲတွင် ဝယ်ယူရရှိနိုင်ပါသည်။

(၇) တင်ဒါခေါ်ယူသည့် ကြော်ငြာစာတွင် နောက်ဆုံးလျှောက်လွှာ တင်သွင်းရမည့်ရက်ထက်နောက်ကျသည့် တင်ဒါလျှောက်လွှာအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

(၈) အထက်ပါတင်ဒါစည်းကမ်းချက်များနှင့် မကိုက်ညီပါက အဆိုပါအိတ်ဖွင့်တင်ဒါယှဉ်ပြိုင်မှုတွင် ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။